MINI NEWSPAPER

November 7, 2020. No.194

# Microsoft EDGE ကို InPrivate Browsing ဖြင့်ဖွင့်နိုင်အောင် ပြင်ဆင်ခြင်း





# CONTENT

Microsoft EDGE ကို InPrivate Browsing ဖြင့်
ဖွင့်နိုင်အောင် ပြင်ဆင်ခြင်း

ကျောင်းတွင်းဆိုက်ဘာခြိမ်းခြောက်
အကြမ်းဖက်မှုနှင့် အနိုင်ကျင့်မှုများ
ဆန့်ကျင်တိုက်ဖျက်ရေး
အပြည်ပြည်ဆိုင်ရာနေ့အခမ်းအနား ကျင်းပ

အွန်လိုင်းကဈေးဝယ်မယ်

Game of the day

App of the day

Gadgets

# Microsoft EDGE ကို InPrivate Browsing ဖြင့်ဖွင့်နိုင်အောင် ပြင်ဆင်ခြင်း



သင်ဟာ Microsoft EDGE browser ကို သုံးစွဲနေသူတစ်ယောက်ပါလား။ ကိုယ့်ရဲ့ private browsing history တွေကို မသိမ်းဆည်းချင်ဘူးဆိုရင် Microsoft Edge browser ကို စတင်သုံးစွဲဖို့ ဖွင့်တဲ့အခါမှာ Inprivate mode နဲ့ ဖွင့်ဖို့အတွက် ဒီနည်းလမ်းနဲ့ ပြင်ဆင်နိုင်ပါတယ်။

ပထမဆုံး Microsoft Edge browser icon ကို right-click နှိပ်ပါ။ ပြီးရင် Properties ဆိုတာကိုရွေးချယ်ပေးရပါမယ်။ Microsoft Edge browser properties ထဲကိုရောက်ပြီဆိုရင် Shortcut ဆိုတဲ့

tab ကိုရွေးချယ်ပါ။ Shortcut tab အောက်မှာ Target ဆိုတဲ့ လမ်းကြောင်းကို တွေ့ရပါမယ်။

အဆိုပါနေရာမှာ \msedge.exe ဆိုတဲ့ အနောက်ဘက်ကနေ ဖော်ပြထားတဲ့ command ကို ထည့်သွင်းပေးရပါမယ်။ ထည့်သွင်းပေးရမယ့် command က –profile–directory=Default –inprivate ဆိုတာကို ထည့်သွင်းပေးရပါမယ်။ ပြီးသွားရင် Apply ခလုတ်ကိုနှိပ်ပြီး Ok ကို ဆက်နှိပ်လိုက်ပါ။ ဒါဆိုရင် စောစောက ပြင်ဆင်ထားတဲ့ Microsoft Edge browser ရဲ့ icon ကို double–click နှိပ်လိုက်တာနဲ့ Microsoft Edge browser ကို InPrivate mode နဲ့ စတင်ဖွင့်ပေးမှာဖြစ်ပါတယ်။

အသုံးမပြုချင်တော့လို့ ပြန်လည် ဖယ်ရှားလိုတယ်ဆိုရင် ထည့်သွင်းထားတဲ့ command တွေကို ဖျက်ပေးလိုက်ရုံနဲ့ နဂိုအတိုင်း ပြန်လည်သုံးစွဲနိုင်မှာဖြစ်ပါတယ်။

# ကျောင်းတွင်း ဆိုက်ဘာ ခြိမ်းခြောက်အကြမ်းဖက်မှုနှင့် အနိုင်ကျင့်မှုများ ဆန့်ကျင် တိုက်ဖျက်ရေး အပြည်ပြည် ဆိုင်ရာနေ့ အခမ်းအနား ကျင်းပ



ကျောင်းတွင်း ဆိုက်ဘာခြိမ်းခြောက်မှုများ၊ အကြမ်းဖက်မှုများနှင့် အနိုင်ကျင့်မှုများဆန့်ကျင် တိုက်ဖျက်ရေး အပြည်ပြည်ဆိုင်ရာနေ့ အခမ်းအနားကို နိုဝင်ဘာ ၅ ရက်၊ နံနက် ၉ နာရီက ဗီဒီယို ကွန်ဖရင့်စနစ်ဖြင့် ကျင်းပခဲ့တယ်လို့ သိရပါတယ်။

"၂၀၁၉ ခုနှစ်၊ အောက်တိုဘာလတွင် ကျင်းပခဲ့သည့် ယူနက်စကို အလုပ်အမှုဆောင်အဖွဲ့၏ ၂၀၇ ကြိမ်မြောက်အစည်းအဝေးတွင်ပြင်သစ်၊မက္ကဆီကို၊ မော်ရိုကိုနိုင်ငံများ၏ အဆိုပြုချက်များကို နိုဝင်ဘာလတွင် ကျင်းပခဲ့သော အကြိမ် (၄၀) မြောက် ယူနက်စကိုအထွေထွေညီလာခံတွင် အတည်ပြုခဲ့ပြီး "ကျောင်းတွင်း ဆိုက်ဘာ ခြိမ်းခြောက်မှုများ၊ အကြမ်းဖက်မှုများနှင့် အနိုင်ကျင့်မှုများ ဆန့်ကျင်တိုက်ဖျက်ရေး အပြည်ပြည်ဆိုင်ရာနေ့" အဖြစ် ယူနက်စကို အဖွဲ့ဝင်နိုင်ငံပေါင်း (၁၉၃) နိုင်ငံက သဘောတူခဲ့ပါကြောင်း၊ ကျောင်းများတွင် အနိုင်ကျင့်မှုများဖြစ်ပွားသော ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် အကြမ်းဖက်မှုများသည် ကလေးသူငယ်များနှင့် ဆယ်ကျော်သက်အရွယ် ကလေးများ၏ ပညာသင်ယူခွင့်၊ ကျန်းမာပျော်ရွှင်ခွင့်ကို ထိပါးနှောင့်ယှက်ခြင်းဖြစ်သည်ကို ယူနက်စကို အဖွဲ့ဝင်နိုင်ငံများက နားလည် သဘောပေါက်ကြပါကြောင်း၊ ထို့ကြောင့် နှစ်စဉ် နိုဝင်ဘာလ ပထမသီတင်းပတ်၏ ကြာသပတေးနေ့ကို ကျောင်းတွင်း ဆိုက်ဘာခြိမ်းခြောက်မှုများ၊ အကြမ်းဖက်မှုများနှင့် အနိုင်ကျင့်မှုများ ဆန့်ကျင် တိုက်ဖျက်ရေး အပြည်ပြည်ဆိုင်ရာနေ့ အဖြစ် ကြေညာသတ်မှတ်ခဲ့ခြင်း ဖြစ်ပါကြောင်း" ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ

မျိုးသိမ်းကြီးက အဖွင့်အမှာစကားပြောကြားရာမှာ ထည့်သွင်းပြောကြားခဲ့ပါတယ်။

ယူနက်စကိုက ယခုနှစ် အပြည်ပြည်ဆိုင်ရာ နေ့ အခမ်းအနားဆောင်ပုဒ်ကို "ကျောင်းတွင်းအနိုင်ကျင့်မှု ကင်းဝေးဖို့ အတူလက်တွဲ ဆန့်ကျင်စို့" "Together Against Bullying in School" လို့ သတ်မှတ်ကျင်းပခဲ့ခြင်းဖြစ်ပါတယ်။

"ကလေးသူငယ်များအပေါ် အကြမ်းဖက်မှု၊ Cyber bullying အပါအဝင် ကျောင်းတွင်းအနိုင်ကျင့်မှုတို့ဟာ ကလေးသူငယ်တွေရဲ့ လွတ်လပ်လုံခြုံစွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြီးမားတဲ့ အဟန့်အတားတစ်ရပ် ဖြစ်ပါကြောင်း၊ ဒါကြောင့် ကြီးမားသည့်ပြဿနာကို တစ်ကမ္ဘာလုံးက ပိုမိုသတိထားမိစေရန် ယခုလို အပြည်ပြည်ဆိုင်ရာနေ့ကို ၂၀၁၉ ခုနှစ်က စတင်ကျင်းပခဲ့တာ ယခုနှစ်သည် ဒုတိယမြောက်နှစ် ဖြစ်ပါကြောင်း၊

ကျောင်းတွင်းအကြမ်းဖက်မှုနဲ့ အနိုင်ကျင့်မှုဆိုတာ သိမ်မွေ့နက်နဲတဲ့ ပြဿနာဖြစ်တာကြောင့် ကလေးသူငယ်တွေရဲ့အကောင်းဆုံးအကျိုးစီးပွားအတွက် ဌာနပေါင်းစုံပူးပေါင်းဆောင်ရွက်မှု၊ ကျောင်းသား၊ ဆရာ၊ မိဘ အပါအဝင် လူထုတစ်ရပ်လုံးက ပူးပေါင်းပါဝင်မှုက အင်မတန် အရေးကြီးပါကြောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်

လည်နေရာချထားရေးဝန်ကြီးဌာနအနေနဲ့ နိုင်ငံအတွင်းရှိကလေးသူငယ်အားလုံးရဲ့ အသက်ရှင်သန်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ကာကွယ်စောင့်ရှောက်မှုရရှိရေးနှင့် လူမှုအဖွဲ့အစည်းတွင် ပါဝင်ဆောင်ရွက်ခွင့်ရရှိစေရေးတို့အတွက် ကလေးသူငယ်ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ကာကွယ်စောင့်ရှောက်ရေးတို့ကို ဟန်ချက်ညီအောင် ဆောင်ရွက်လျက်ရှိပါကြောင်း” လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ပြောကြားခဲ့ပါတယ်။

အဆိုပါ အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီဥက္ကဋ္ဌ၊ အမြဲတမ်းအတွင်းဝန်များ၊ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ အခြေခံပညာဦးစီးဌာနမှ သက်ဆိုင်ရာတာဝန်ရှိသူများ၊ ယူနက်စကို၊ ယူနီဆက်မှ ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ် ပညာရေးမှူးများ၊ ခရိုင်/မြို့နယ် ပညာရေးမှူးများ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ခဲ့ကြပါတယ်။

# Page Guide

## Super Hero Memes



Meme နှစ်သက်သူတွေအတွက် Super Hero တွေကို အသုံးပြုပြီး meme တွေကို ဖော်ပြပေးနေတဲ့ Facebook page တစ်ခုဖြစ်ပါတယ်။

**Members (129,647)**

ဝက်ဘ်ဆိုက်တွင်
သတင်းဖတ်ရှုရန်

# Gadgets

## BL Partybox 310




မိသားစု ပျော်ပွဲစားခရီးတွေ၊ ပါတီပွဲတွေမှာ တောင် အသုံးပြုနိုင်တဲ့ JBL ရဲ့ ထုတ်ကုန်သစ် Partybox 310 ပြည်တွင်းဈေးကွက်ထဲ ဝင်ရောက်လာပါတယ်။ IPX4 Splashproof protection ဖြစ်တဲ့အတွက် အကြမ်းခံ အသုံးပြုနိုင်မှာပါ။ အဆို၊ အတီးအတွက် mic နဲ့ ဂစ်တာအတွက်ပါ Input ဆောင်ရွက်ပေးထားပါတယ်။ သီချင်းဖွင့်ထားချိန်မှာ တီးလုံးနဲ့အညီလင်းမယ့် ရောင်စုံမီးလင်းမှုတွေ

လည်း ရှိမှာပါ။ အလွယ်တကူ သယ်ဆောင်ဖို့အတွက် လက်ကိုင်နဲ့ ဘီးလုံးများတပ်ဆင်ပေးထားပါတယ်။

အသံထွက် Output power (W)– 240W အထိ ရရှိမှာ ဖြစ်ပြီး Bluetooth Version 5.1 ထောက်ပံ့ပေးထားပါတယ်။ Wireless BT Stram-ing, USB Playback, True Wireless Stereo တို့ပါဝင်သလို Karaoke အနေနဲ့လည်းသီဆိုနိုင်မှာဖြစ်ပြီး 3.5mm Jack နဲ့လည်း ချိတ်ဆက်နိုင်ပါတယ်။ ဘက်ထရီအနေနဲ့ တစ်ခါအားပြည့်အောင်သွင်းထားရင် ၁၈ နာရီ ဆက်တိုက် အသုံးပြုနိုင်မှာဖြစ်သလို သယ်ဆောင်ရလွယ်ကူမယ့် Portable အမျိုးအစားလည်း ဖြစ်ပါတယ်။

အသုံးပြုမှုအတွက် ထိန်းချုပ်ရတဲ့ ခလုတ်တွေကို အမှောင်တွင်း မြင်နိုင်ဖို့အတွက် built-in backlighting လည်း ထောက်ပံ့ပါရှိပါတယ်။ အရွယ်အစား 325.6 x 687.7 x 367.8 mm ရှိပြီး အလေးချိန်အနေနဲ့ 17.42kg ရှိပါတယ်။ တန်ဖိုးငွေကျပ် ၇၂၉,၀၀၀ နဲ့ JBL Myanmar ဖုန်း – ၀၉ ၉၅၁၅၁၀၉ ၀၀ (ရန်ကုန်)၊ ၀၉ ၇၆၂၉ ၀၀၀၉ ၀၀ (မန္တလေး) တို့ကို ဆက်သွယ်ဝယ်ယူနိုင်ပါတယ်။

## Game of the day

# Fruit Ninja 2




သစ်သီးတွေကို အလျင်အမြန် ဖြတ်တောက်ကစားပြီး အမှတ်တွေများများ ရရှိအောင် ကစားပေးရမယ့် ဂိမ်းဖြစ်ပါတယ်။ ကျလာတဲ့ အသီးတွေကို မလွတ်စေရန်အတွက် ဖြတ်တောက်ပြီး ကစားရမှာဖြစ်ပါတယ်။ ထည့်သွင်းကစားလိုသူတွေ အနေနဲ့ App Store ကနေ အခမဲ့ ရယူနိုင်မှာဖြစ်ပါတယ်။ iOS version 10.0 နဲ့ အထက်မှာ ထည့်သွင်းကစားနိုင်မယ့် ဂိမ်းဖြစ်ပါတယ်။

ဒေါင်းလုပ် ပြုလုပ်ရန် >

App of the day

# Anonymous Chat




Anonymous Chat ဆိုတဲ့ app ကတော့ ကမ္ဘာတစ်ဝန်းက လူတွေကို မိတ်ဖွဲ့ပြီး video chat လုပ်ဆောင်နိုင်မယ့် app တစ်ခုဖြစ်ပါတယ်။ Text, photo အစရှိတာတွေနဲ့လည်း မိတ်ဖွဲ့စကားပြော ဆိုနိုင်အောင် စီစဉ်ပေးထားတဲ့ app တစ်ခုဖြစ်ပါတယ်။ ထည့်သွင်း အသုံးပြုလိုသူတွေအနေနဲ့ App Store ကနေ အခမဲ့ ရယူနိုင်မှာဖြစ်ပါတယ်။ iOS version 10.0 နဲ့ အထက်မှာ ထည့်သွင်း အသုံးပြုနိုင်မှာဖြစ်ပါတယ်။

ဒေါင်းလုပ် ပြုလုပ်ရန် >

# အွန်လိုင်းကစျေးဝယ်မယ်

## Nippon Brand Barcode Scanner



ပစ္စည်းသိုလှောင် စီမံခန့်ခွဲတဲ့လုပ်ငန်း (inventory, warehouse, Delivery, Store Room) တွေအတွက် သင့်တော်တဲ့ Barcode Scanner ဖြစ်ပါတယ်။ Barcode Scanner ကိုပစ္စည်းသိုလှောင်ရာနေရာကို သယ်ဆောင်သွားပြီး Scan ဖတ်နိုင်တာကြောင့်၊ လေးလံတဲ့ ပစ္စည်းတွေကို Scan ဖတ်ရမယ့် နေရာသို့ သယ်ဆောင်လာရမယ့် အခက်အခဲမရှိတော့ဘူးလို့ သိရပါတယ်။ Scan ဖတ်ပြီးတဲ့ Barcode တွေကို စာရင်းမသွင်းခင်မှာ သိုလှောင်ထားဖို့ Memory ပါရှိတာကြောင့် ပစ္စည်းတွေကို

တစ်နေရာတည်းမှာပဲ ဆက်တိုက် ဖတ်နိုင်မှာ ဖြစ်ပါတယ်။ တန်ဖိုးက အမေရိကန်ဒေါ်လာ ၇၀ ဖြစ်ပါတယ်။




## Photo of the Day



Kyaw Zay Ya
Nikon D 800